# ၁၉၅၄ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၅။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၂ တွင်—

(က) အပိုဒ် (၄) ၌ " တလလျှင်လေးရာ " ဆိုသည့်စကားရပ်အစား၊ " တလလျှင်ကျပ်လေးရာ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင် အပိုဒ်ခွဲ (င) အစား၊ အောက်ပါအပိုဒ်ခွဲကို ထည့်သွင်းရမည်။

" (င) အခြားတည်ဆဲတရားဥပဒေတခုခု အရ၊ အကြောင်းအားလျော်စွာ အခကြေးငွေနှင့် သော်၎င်း၊ လစာငွေနှင့်သော်၎င်း ပေးရန်ပြဋ္ဌာန်းထားသည့် အားလပ်ခွင့်နှင့် အလုပ်ပိတ်ရက်များရသော ပြည်ထောင်စုအစိုးရ၏ ရာထမ်း မှုထမ်းများ၊ သို့တည်းမဟုတ် အစိုးရက ဖွဲ့စည်းထားသည့်အဖွဲ့၏ ရာထမ်း မှုထမ်းများ၊ သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်၏ ရာထမ်း မှုထမ်းများ။ "

(ခ) အပိုဒ် (၇) ၌ " တည်ဆဲဥပဒေတရပ်ရပ်အရ " ဆိုသည့် စကားရပ်အစား၊ " တည်ဆဲတရားဥပဒေတရပ်ရပ်အရ " ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၅) တွင် " ထိုသို့ပေးရာတွင် အလုပ်မှနုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့် အလုပ်သမားဖြစ်လျှင်၊ ပေးရမည့်ငွေကို နှစ်ရက်အတွင်းထုတ်ပေးရမည်။ သေဆုံးသည့်အလုပ်သမားဖြစ်လျှင် " ဆိုသည့်စကားရပ်အစား၊ " အလုပ်မှနုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့် အလုပ်သမားဖြစ်လျှင်၊ ထိုသို့ပေးရမည့်ငွေကို နုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်သည့် ဒုတိယနေ့ မကုန်သေးမီ ထုတ်ပေးရမည်။ သေဆုံးသည့်အလုပ်သမားဖြစ်လျှင် ထိုသို့ " ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) တွင် " အခြားခွင့်ရက် တမျိုးမျိုးနှင့်မျှ " ဆိုသည့်စကားရပ်အစား၊ " အခြားမည်သည့်ခွင့်ရက် တမျိုးမျိုးနှင့်မျှ " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

အတိုး—၁၀ ခြား ]

၅။ ။အဆိုပါအက်ဥပဒေဇယား၏အပိုဒ် (၇) နှင့် (၈) အစား၊အောက်ပါ အပိုဒ်တို့ကိုထည့်သွင်းရမည်—

''(၇) နိုင်ငံတော်အစိုးရ၏၊ သို့တည်းမဟုတ် နိုင်ငံတော် အစိုးရလက် အောက်ရှိ၊ သို့တည်းမဟုတ် အစိုးရကဖွဲ့စည်းတည်ထောင်ထား သည့်အဖွဲ့၏၊ သို့တည်းမဟုတ် ထိုအဖွဲ့လက်အောက်ရှိ အလုပ် ဌာနများ၊ ထို့ပြင်

(၈) ဒေသန္တရအာဏာပိုင်များ ငွေချေးငှါးခြင်း အက် ဥပဒေ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် အခြားဒေသန္တရ အာဏာပိုင် ၏၊ သို့တည်းမဟုတ် ထိုအာဏာပိုင်လက်အောက်ရှိ အလုပ် ဌာနများ။''

ဝ၊မ၊ဗ၊စ၊—အမှတ် ၆၇၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁၁-၅၄—၂,၀၀၀—၂။